# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

## ဒသမနေ့အစီအစဉ်(လျာထားချက်)

## (၂ - ၁၀ -၂၀၂၆ ) (သောကြာနေ့) နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးညဏ်ဝင်းထိုက်၊ ဗိုလ်တထောင်မဲဆန္ဒနယ်၏ **ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၊ ဘုရားပတ်ဝန်းကျင်နှင့် ဗိုလ်တထောင် ဆိပ်ကမ်း တို့အား သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးတင့်ဝေ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်၏ **ပြည်သူ့စစ်မှုထမ်းဥပဒေ အရ တာဝန်ထမ်းဆောင်ခဲ့သူများအနက် ဆန္ဒရှိသူများအား ပြည်ပ အလုပ်အကိုင်ရရှိရေး မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးတင်ထွန်းလွင်၊ ကလေးဝမဲဆန္ဒနယ်၏ **ကလေးဝမြို့နယ်တွင် ဒေသစရိတ် ခံစားခွင့်မရှိသည့်နေရာများသို့ ပြောင်းရွှေ့တာဝန်ထမ်းနေရသော နိုင်ငံ့ဝန်ထမ်း များအား ဒေသစရိတ်ခံစားခွင့်ရရှိနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဒေါက်တာကျော်ဆွေ၊ တောင်တွင်းကြီးမဲဆန္ဒနယ်၏ **စိုက်ပျိုးစရိတ်ချေးငွေများကို တိုးမြှင့်ပေးနေသော်လည်း ပုံစံ (၇) အမည်ကွဲမှုကြောင့် ချေးငွေမရခြင်းအား ထုတ်ချေးပေးနိုင်ရေး စီစဉ်ပေးရန်နှင့် တောင်သူတိုင်း ရရှိနိုင်ရေးအတွက် မည်သို့ပြုလုပ်သွားမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမျိုးသန့်၊ စမ်းချောင်းမဲဆန္ဒနယ်၏ **နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားယူမည့် ဝန်ထမ်းများအတွက် ကုန်ခြောက်ပစ္စည်းများနှင့် စတုတ္ထအကြိမ် ထောက်ပံ့ကြေးကို ထောက်ပံ့ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း။

၇။ ဒေါက်တာကျော်ဆွေ၊ တောင်တွင်းကြီးမဲဆန္ဒနယ်က တင်သွင်းသည့် **“မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအား ရိုးရာလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာကူးပြောင်းနိုင်ရေးအတွက် စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတစ်ရပ်ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်း၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးဝင်းမြင့်မောင်၊ ကျောက်ပန်းတောင်း မဲဆန္ဒနယ်

(ခ) ဦးစောဟေသာကြီး၊ သံတောင်ကြီး မဲဆန္ဒနယ်

(ဂ) ဦးနိုင်မင်းဦး၊ ကြံခင်း မဲဆန္ဒနယ်

(ဃ) ဦးစိုးဝင်း၊ မြို့သစ် မဲဆန္ဒနယ်

(င) ဦးခင်မောင်ချင်း၊ မြဝတီ မဲဆန္ဒနယ်

(စ) စိုင်းစိန်ဝင်း၊ လဲချား မဲဆန္ဒနယ်

(ဆ) ဒေါ်နန်းတင်ဦး၊ ကျေးသီး မဲဆန္ဒနယ်

(ဇ) ဒေါ်နန်းသန်းသန်းမွှေး၊ မိုင်းကိုင် မဲဆန္ဒနယ်

(ဈ) ဦးသန်းရွှေ၊ သံဖြူဇရပ် မဲဆန္ဒနယ်

(ည) ဦးမိုးတင်၊ စေတုတ္တရာ မဲဆန္ဒနယ်

(ဋ) ဦးအောင်ကိုလတ်၊ တမူး မဲဆန္ဒနယ်

(ဌ) ဦးဝင်းဇော်၊ ပင်းတယ မဲဆန္ဒနယ်

(ဍ) ဦးကျော်ငြိမ်းအောင်၊ တာချီလိတ် မဲဆန္ဒနယ်

(ဎ) ဒေါက်တာလှတင့်၊ ဗဟန်း မဲဆန္ဒနယ်

၈။ ဒေါက်တာကျော်ဆွေ၊ တောင်တွင်းကြီးမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁) ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။